■ "ယူနန်ရောက်နိုင်ငံခြားသား"

# တောင်ကိုးရီးယားလူ၏ ကူမင်းအိပ်မက် နိုင်ငံခြားတွင်နှစ်ကူးအထီးမကျန်ပါ

တရုတ်သက္ကရာဇ် ပထမလ(၅) ရက်နေ့ ကူမင်းတွင်အလုပ်လုပ်နေသော တောင်ကိုးရီးယားလူမျိုး ကျင်းမင်ချိန်သည် ဦးလေး၏ တောင်ကိုးရီးယား စားသောက်ဆိုင် "ချင်းကူ"တွင် ဖက်ထုတ်ထုတ်ခဲ့ပြီး ဌာပနာသည် တောင်ကိုးရီးယား ထူးခြားချက်ရှိသော ကင်ချီဖြစ်ပါသည်။ မိုင်ပေါင်းများစွာ ဝေးကွာသော တောင်ကိုးရီးယား ချင်းကျိုးတွင်မူ သူ၏ မိသားစုဝင်များလည်း စုဝေးပြီး နှစ်သစ်ကူးထမင်းအတူ စားနေလျက်ရှိသည်။

ကျင်းမင်ချိန်သည် တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် နှစ်သစ်ကူးပွဲတော်ကြိုဆိုသည်။ ကူမင်းမှာသူ့အတွက် တမူထူးခြားသော ဆွဲဆောင်မှုအားရှိသည်။ ယခင်မေလတွင် ကူမင်းသို့ ကျင်းမင်ချိန်ရောက်လာပြီး မိခင်နှင့်အတူ ဦးလေးက အသစ်ဖွင့်ထားသော တောင်ကိုးရီးယား စားသောက်ဆိုင်သို့ လာရောက်လေ့လာခဲ့သည်။ "လေယာဉ်ဆင်းတာနဲ့ ဒီကရှုခင်းကိုကြိုက်ခဲ့တယ်။ ကောင်းကင်ကလည်းပြာပြာ၊ လမ်းဘေးနှစ်ဖက်မှာ ပန်းများစိုက်ထားတယ်။"ဟု သူကပြောသည်။ ကူမင်းတွင် ကျင်းမင်ချိန်က အနာဂတ်ကိုတွေ့မြင်ခဲ့သည်။ "ကျွန်တော့်ဦးလေးဖွင့်တဲ့ဆိုင်က နန်ချန်း လမ်းပေါ်မှာပဲ။ အဲဒီလမ်းဟာ တရုတ်ထူးခြားချက်တွေနဲ့ ပြည့်စုံနေတဲ့ လမ်းဟောင်းဖြစ်တယ်။ အလွန်လှပါတယ်။ ကျွန်တော်တို့ဆိုင်ဟာ မကြီးပေမဲ့ ထမင်းစားချိန် ရောက်ရင်တော့ လူအပြည့်ပါပဲ။ အပြင်မှာလည်း ဧည့်သည်တွေ စောင့်နေတာရှိတယ်။" မကြာမီ ကျင်းမင်ချိန်သည် တောင်ကိုးရီးယားကိုပြန်ပြီး သူ၏ဆရာဝန်အလုပ်မှ နုတ်ထွက်ကာ သက်ဆိုင်ရာ စာရွက်စာတမ်းများ စုဆောင်း၍ ကူမင်းကို လာအလုပ်လုပ်ခဲ့သည်။ "ကျွန်တော်အရင်ကလည်း စားသောက်ဆိုင်နဲ့ ဆိုင်တဲ့အလုပ်ကိုမလုပ်ဖူးပါဘူး။ ဆူရှီထမင်း၊ ငါးစိမ်းလှီးတာတွေဟာ နေ့တိုင်းအဆက်မပြတ် လေ့ကျင့်နေမှရတာ။ ခက်တယ်။ ပင်လည်းပင်ပန်းတယ်။ တစ်ရက်ကို(၁၀)နာရီအထက် အလုပ်လုပ်ရပေမဲ့လည်း ကျွန်တော်ကျေနပ်ပါတယ်။" ဟု "ချင်းကူ" ဆိုင်၏ အမှတ်အသားဖြစ်သော သစ်တော်သီးပင်ရှေ့တွင် ထိုင်ပြီး သွားလာနေကြသော လူများကြည့်ကာ "ကူမင်းဟာ ခွန်အားအပြည့်ရှိတဲ့ မြို့ဖြစ်တယ်။ ကျွန်တော် ဒီအခွင့်အရေးကို ကိုင်ဆောင်ပြီးကျွန်တော့် အိပ်မက်လေးတစ်ခုကို ဖြစ်မြောက်စေလိုပါတယ်။" ဟုပြောဆိုသည်။



ယခုရက်ပိုင်းတွင် သူသည် ကူမင်းတွင် သူ့အမည်ဖြင့် မှည့်ထားသော စားသောက်ဆိုင်ဖွင့်ရန် ရည်ရွယ်ထားကြောင်း ဖော်ပြခဲ့သည်။ ယခုအချိန်တွင် နိုင်ငံတကာ ပုံစံရှိသော ကူမင်းသည် "ကျင်းမင်ချိန်"ကဲ့သို့သော လူများကို လုပ်ငန်းထူထောင်သည့် အိပ်မက်များ ဖော်ဆောင်ရန် ဆွဲဆောင်နေပါသည်။ သူတို့သည် နိုင်ငံအသီးသီးမှ လာကြပြီး လုပ်ငန်းမျိုးစုံ လုပ်ဆောင်နေသူများဖြစ်သည်။ ဤနေရာတွင် အခွင့်အရေးများတူးဖော်နိုင် အိပ်မက်ဖြည့်စွက်ပေးနိုင်သောမြေကိုရှာဖွေနိုင်နေသည်။ အခြားအပိုင်းမှဆိုလျှင် သူတို့ရောက်ရှိလာသောကြောင့်လည်း ကူမင်းအား ဖွံ့ဖြိုးတိုးတက်သော ခွန်အားအသစ်များလည်း သယ်ဆောင်လာပေးနေပါသည်။

**သတင်းထောက် – လီစွမ်းစွမ်း**

# သစ်ထွင်းပန်းပုပန်းချီပညာသည် အင်တာနက်ကွန်ယက်နှင့်လက်ဆွဲလာ

"အနုပညာဟာ အမြင့်တွင်သာ ပိတ်နေရသည်မဟုတ်။ အများပြည်သူနှင့်အတူ ဆက်နွယ်ရမည်။" ဖူးအော်သစ်ထွင်းပန်းပုပန်းချီပေါင်း ထောင်ချီသိမ်းထားသော "ဝေဖုန်းပန်းချီပြခန်း" သို့ ရောက်လာသော် အနုပညာနှင့် အများပြည်သူအကြား၏ အကွာအဝေးမှာ မှောက်စ်တစ်ခု အကွာအဝေးသာရှိသည်။ ဤအင်တာနက်ကွန်ယက် ပန်းချီအနုပညာ စင်တာဖြင့် ချိန်လုံ၊ ချိန်လီ၊ ရှမ်းမင်းဖုန်၊ စစ်ရှောင်မင်း စသည့် ရာစုသစ်ပန်းချီဆရာများ၏ အသစ်ဆုံးလက်ရာများကို ရှာဖွေတွေ့ရှိနိုင်သည်။ ဤနေရာတွင် သူတို့၏ ဆန်းသစ်လက်ရာများကို အင်တာနက်ဖြင့်ပေကျင်း၊ ရှန်းဟဲ၊ စိန်ကျိန်းစသည့် ပြည်တွင်း ယဉ်ကျေးမှု အနုပညာ၏ ရှေ့တန်းဒေသသို့ ရောင်းချနိုင်ပြီး အချို့လက်ရာများကို ဥရောပအမေရိကရှိ သစ်သားပန်းချီလက်ရာ ကြိုက်နှစ်သက်သူများထံ ရောင်းချနိုင်နေပါသည်။

ဖူးအော်သစ်ထွင်းပန်းပုပန်းချီများသည် အနုပညာ အဆက်အနွယ်များစွာ၏ ကြိုးပမ်းအားထုတ်ခြင်းဖြင့် ဖူးအော်မြို့၏ သာယာလှပသော ယဉ်ကျေးမှုကျက်သရေ ဖြစ်လာနေပါသည်။ ဖူးအော်၏ လှပဆန်းကျယ်သော တိုင်းရင်းသား ယဉ်ကျေးမှု၊ သဘာဝ ရှုခင်းများသည် သစ်ထွင်းပန်းပုပန်းချီကဲ့သို့သော အနုပညာပုံစံဖြင့် ပြသရန်အတွက် အထူးကိုက်ညီပါသည်။

"သစ်ထွင်းပန်းပုပန်းချီအနုပညာက အခြားမြင်ထောင့်ဖြင့် ဖူးအော်ကို ခံစားစေနိုင်သည်။" "ဝေဖုန်းပန်းချီပြခန်း"၏ စာချုပ်ပန်းချီဆရာများသည် ဖူးအော်၏ ရာစုသစ် ပန်းချီဆရာအားလုံးနီးနီး ပါဝင်နေသည်။ သူတို့သည် မိမိလက်ထဲရှိ သစ်ထွင်းဓားဖြင့် ဖူးအော်ပုံပြင်ကို ဖော်ပြနေပါသည်။ ပန်းချီဆရာ ရှမ်းမင်းဖုန်သည် (၁၀) နှစ်ကာလဖြင့် ချာမာ (မြင်းဖြင့်လက်ဖက်ခြောက်၊ ကုန်ပစ္စည်းတင်ပို့ခြင်း) ရှေးလမ်း ယဉ်ကျေးမှုအဆက်တွဲ သစ်ထွင်းပန်းချီလက်ရာ "တောင်တွင်းခေါင်းလောင်းသံထွက်ကာ မြင်းအဖွဲ့လာပြီ"ကို တီထွင်ခဲ့သည်။ တီထွင်ရာတွင် ပန်းချီဆရာသည် ချာမာရှေးလမ်းကြီးကို ပြန်လည်သွားရောက်ပြီး ရှေးနားနေဂိတ်၊ မြင်းဆိုင်နှင့် ရှေးတံတားနေရာများကို ပြန်လည်လေ့လာခဲ့သည်။ ဖူးအော်နေထိုင်သူ တိုင်းရင်းသားများ လက်ဖက်စိုက်၊ လက်ဖက်ထုတ်၊ လက်ဖက်သိမ်း၊ လက်ဖက်ပို့သော ရှေးနည်းလမ်းများကို သိရှိနားလည်ရသည်။ တိုင်းရင်းသားအသီးသီး လက်ဖက်ယဉ်ကျေးမှု၏ ထူးခြားချက်၊ လက်ဖက်ရည် ယဉ်ကျေးမှုများကို မှတ်သားရပြီး သမိုင်းအကြောင်းအရာ စာရွက်စာတမ်းများကို သေချာစွာ စုဆောင်းမှတ်သားထားရသည်။

ဖူးအော်မြို့ရှောင်ကန်းဒီဂျစ်တယ် သိပ္ပံနည်းပညာ ကုမ္ပဏီလီမိတက်သည် ဒေသခံနာမည်ကြီး အင်တာနက်ကွန်ယက်လုပ်ငန်းဖြစ်သည်။ ကုမ္ပဏီတာဝန်ရှိသောသူ ရှွင်ရှောင်ကန်းသည် ဖူးအော် သစ်ထွင်း အနုပညာကို အထူးကြိုက်နှစ်သက်သူဖြစ်သည်။ အင်တာနက်ကွန်ယက်လုပ်ငန်းတွင် နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ရာ အင်တာနက်ကွန်ယက်ဖြင့် ဖူးအော်သစ်ထွင်း အနုပညာကိုကြော်ငြာပြီး ရာစုသစ်ပန်းချီဆရာများ၏ လက်ရာကိုအားပေးနိုင်ရန် သူကအတွေးဝင်ခဲ့သည်။ သူနှင့် လုပ်ဖော်ကိုင်ဖက်များသည် ကာလမတူ၊ ပုံစံမတူသော လက်ရာစုံများကို ဆက်လက် ရင်းနှီးပြီး စုဆောင်းလိုက်သည်။ တစ်ချို့အချိန်မှာ နှစ်(၂၀)ခန့်ကွာဝေးသည်။ "ဝေဖုန်းပန်းချီပြခန်း"သည် အင်တာနက်ကွန်ယက်ဖြင့် ဖူးအော်သစ်ထွင်း အနုပညာကို ဈေးကွက်အတွင်းသို့ လျှောက်လှမ်းရန် တွန်းပေးခဲ့ပြီး ဤအနုပညာ၏ ထူးခြားသောဆွဲဆောင်ချက်ကို ပြန့်နှံ့လာစေနိုင်ခဲ့သည်။

**သတင်းထောက် – စိန်ဟောက်**